PARKVIEW
HEALTH LABORATORIES
lab.parkview.com

# ဝမ်းထဲရှိ အဆီဓာတ်၊ စုစုပေါင်း (ဝမ်းထဲရှိ အဆီ ၊ အရေအတွက်အားဖြင့်) စုဆောင်းပုံ

၁။ ဝမ်းစုဆောင်းမှု မပြုလုပ်ခင် နှင့် ပြုလုပ်နေစဉ်အတွင်း လူနာသည် ၃ ရက်ကြာအောင် တစ်နေ့လျှင် အဆီ ၁ဂဂ ဂရမ်ပါဝင်သော အစာကို စားသင့်ပါသည်။

၂။ အိမ်သာတွင်းမှ ဝမ်းနမူနာကို စုဆောင်းခြင်း မပြုရန် (သို့) ဆီးနှင့် ရောရှ် ညစ်ညမ်းမှုမဖြစ်စေရန် ဝမ်းစုဆောင်းစဉ် တစ်လျှောက်လုံး ဂရု စိုက်သင့်ပါသည်။

၃။ ပထမ ဆုံး ဝမ်းနမူနာကို စုဆောင်းပါ။ စုဆောင်းသည့်နေရက်နှင့် အချိန် ( မနက် သို့မဟုတ် ညနေ) ကို မှတ်သားထားပါ။

၄။ ၎င်းဝမ်းနမူနာကို စုဆောင်းသည့် ခွက်ကြီးထဲသို့ ပြောင်းထည့်ပြီး အအေးခံထားပါ။

၅။ ဆက်တိုက်ရရှိလာသော ဝမ်းနမူနာ အားလုံးကို အထက်ပါအတိုင်း စုဆောင်းပြီး ပြောင်းထည့်ပါ။

၆။ စစ်ဆေးမှု ပြီးဆုံးချိန်သည် ( သင့်ဆရာဝန်မှ ညွှန်ကြားထားသည့်အတိုင်း) ၁ ရက်၊ ၂ ရက် (သို့) ၃ ရက်ကြာနိုင်ပြီး စစ်ဆေးမှု စသည့်အချိန်နှင့် ဆုံးသည့် အချိန်မှာဆင်တူပင်ဖြစ်သည်။ လူနာသည် မိမိဆန္ဒ မပါပဲဝမ်းသွားရခြင်းမျိုး ပြုလုပ်ရန် မလိုပါ။ ထိုသို့မလုပ်လျှင်လည်းအဆင်ပြေပါသည်။ ၎င်းအချိန်သည် စစ်ဆေးမှု၏ အဆုံးသတ်လည်း ဖြစ်နိုင်ပါသည်။

၇။ ဝမ်းစုဆောင်းမှုပြီးသည့်နောက် လက်ဆေးပါ။

၈။ နမူနာတွင် လူနာ၏ တရားဝင်နာမည်အပြည့်အစုံ ၊ မွေးနေ့၊ စုဆောင်းသည့် နေ့ရက်နှင့် အချိန် စသည်တို့ပါသည့် တံဆိပ်ကို ကပ်ပေးသင့်ပါသည်။ စစ်ဆေးမှုပြီးဆုံးသည့် နေ့ရက်နှင့် အချိန် (မနက်/နေ့ခင်း) တို့ကို မှတ်သားထားပါ။

၉။ စုဆောင်းထားသည့် ဝမ်းနမူနာခွက်များကို တတ်နိုင်သမျှ အစောဆုံး ဓာတ်ခွဲခန်းသို့ ပြန်ပို့ပါ။